သို့

ဥက္ကဋ္ဌ
တင်ဒါကော်မတီ
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၄၁)၊ နေပြည်တော်

ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ရက်

အကြောင်းအရာ။ ဝင်းသူဇာအရောင်းဆိုင်(ကျောက်ဆည်) (၂)ထပ် အဆောက်အဦအတွက် ဈေးနှုန်း ပေးသွင်းခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းပိုင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ အကွက်အမှတ်(၁၉)၊ (၁၆ လမ်း X ၁၇ လမ်း)ကြား၊ ပြည်လုံးနိုင်ရပ်ကွက်၊ ရန်ကုန် - မန္တလေးကားလမ်းဘေးရှိ ဝင်းသူဇာအရောင်းဆိုင်(ကျောက်ဆည်)၊ အကျယ်အဝန်း (၆၈'x ၅၄' x ၂၁') သွပ်မိုးအုတ်ကာ၊ ကွန်ကရစ် (၂)ထပ် အဆောက်အဦအား (၁)နှစ်ချင်း သက်တမ်းတိုး၊ (၅) နှစ်စာချုပ် ချုပ်ဆိုငှားရမ်းနိုင်ရေးအတွက် အဖွဲ့မှထုတ်ပြန်သည့် စည်းကမ်းချက်များကို ဖတ်ရှုနားလည်သဘောပေါက်ပါသဖြင့် အဆိုပါစည်းကမ်းချက်များအတိုင်းလိုက်နာပြီး ဈေးနှုန်းလွှာပေးသွင်းအပ်ပါသည်-

| | | |
|---|---|---|
| ၁။ | အမျိုးအစား | ဝင်းသူဇာအရောင်းဆိုင် (၂)ထပ်အဆောက်အဦ |
| ၂။ | (၁)လငှားရမ်းခငွေ(ဂဏန်းဖြင့်) | ---------------------------------------- |
| | (၁)လငှားရမ်းခငွေ(စာဖြင့်) | ---------------------------------------- |
| ၃။ | (၁)နှစ်ငှားရမ်းခငွေ(ဂဏန်းဖြင့်) | ---------------------------------------- |
| | (၁)နှစ်ငှားရမ်းခငွေ(စာဖြင့်) | ---------------------------------------- |
| ၄။ | တင်သွင်းသူအမည် | ---------------------------------------- |
| ၅။ | နိုင်ငံသား / အမျိုးသား မှတ်ပုံတင်အမှတ် | ---------------------------------------- |
| ၆။ | အဖအမည် | ---------------------------------------- |
| ၇။ | နေရပ်လိပ်စာ | ---------------------------------------- |
| ၈။ | ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ် | ---------------------------------------- <br> ---------------------------------------- |

လက်မှတ်၊ --------------------

အမည် ၊ --------------------

**အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း**

**ဝင်းသူဇာအရောင်းဆိုင် (ကျောက်ဆည်)**

**ငှားရမ်းခြင်းဆိုင်ရာ အဆိုပြုလွှာ စည်းကမ်းချက်များ**

၁။ အဆိုပြုလွှာတင်သွင်းသူများသည် ဝင်းသူဇာအရောင်းဆိုင် (ကျောက်ဆည်) အား ငှားရမ်းလိုသည့် ဈေးနှုန်းအဆိုပြုလွှာကို အိတ်ပိတ်၍ (၁၂.၉.၂၀၂၂) ရက်နေ့၊ ညနေ (၃) နာရီထက်နောက်မကျဘဲ တင်သွင်းရမည်။ သတ်မှတ်ထားသောရက်၊ အချိန်ထက်နောက်ကျပြီး တင်သွင်းသော အဆိုပြုလွှာများအား လုံးဝလက်ခံမည်မဟုတ်ပါ။

၂။ ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းသူတစ်ယောက်သည် အဆိုပြုလွှာ(၁)စောင်သာ တင်သွင်းခွင့်ရှိပြီး (၁) စောင်ထက်ပို၍ တင်သွင်းလာပါက လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ ဈေးနှုန်းအဆိုပြုလွှာတင်သွင်းသူများသည် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အကျိုးတူပူးပေါင်း ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်းများ၊ တည်ဆဲဥပဒေများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ မူဝါဒနှင့် သတ်မှတ်ချက်များအား နားလည်လိုက်နာရမည်။

၄။ ဝင်းသူဇာအရောင်းဆိုင် (ကျောက်ဆည်) အဆောက်အဦအား (၁) နှစ်ချင်းသက်တမ်းတိုး (၅)နှစ် စာချုပ် ချုပ်ဆိုငှားရမ်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ ဈေးနှုန်းအဆိုပြုလွှာတင်သွင်းသူသည် သက်ဆိုင်ရာ စည်းကြပ်နှစ်အလိုက် ပြည်တွင်းအခွန်များ ဦးစီးဌာနမှ အခွန်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ထားရှိပြီးသူ၊ အခွန်ကင်းရှင်းသူဖြစ်ရမည်။ အခွန် ရှောင်ခြင်း၊ အခွန်ဆိုင်ရာ ပြစ်မှုရှိသူများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ ဈေးနှုန်းအဆိုပြုတင်သွင်းသူများသည် အဆိုပြုလွှာပါလုပ်ငန်းကို မိမိတို့ကိုယ်တိုင် ဆောင်ရွက်ရ မည်ဖြစ်ပြီး ငှားရမ်းဆောင်ရွက်နေစဉ်ကာလအတွင်း ယင်းအဆောက်အဦ၊ မြေ၏လုပ်ငန်း တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ထပ်ဆင့်အငှားချထားခြင်း၊ ထုခွဲရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် ထပ်ဆင့်လွှဲပြောင်းခြင်း မပြုလုပ်ရပါ။

၇။ တင်သွင်းဈေးနှုန်းအဆိုပြုလွှာပုံစံပေါ်တွင် ဖျက်ရာ၊ ခြစ်ရာ၊ ဆီစို၊ ရေစို မပါရှိရပါ။

၈။ ဈေးနှုန်းအဆိုပြုလွှာတင်သွင်းသူ၏ လိပ်စာ၊ တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်တို့ကို တိကျစွာဖော်ပြပေးရန်လိုအပ်ပြီး တစ်စုံတစ်ရာ ဆက်သွယ်ရန်လိုအပ်ပါက ဖုန်း၊ အီးမေးလ်ဖြင့် ဆက်သွယ်မည်ဖြစ်ပါသည်။

အထက်ပါစည်းကမ်းချက်များကို သိရှိလိုက်နာမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

| ကုမ္ပဏီတံဆိပ် | | |
|---|---|---|
| | လက်မှတ် | ................................ |
| | အမည် | ................................ |
| | မှတ်ပုံတင်အမှတ် | ................................ |
| | ကုမ္ပဏီ/လုပ်ငန်းအမည် | ................................ |
| | ကုမ္ပဏီလိပ်စာ | ................................ |
| | ဖုန်းနံပါတ် | ............................... |
| | Fax Ph. | ............................... |